# ကိုရီးယားနိုင်ငံတွင်း နေထိုင်လျှက်ရှိသော နိုင်ငံခြားသား (အသက် ၁၂နှစ်မှ ၁၇နှစ်) ဆယ်ကျော်သက်များအတွက် ကိုရိုနာ ၁၉ ကာကွယ်ဆေး ၃ကြိမ်မြောက်(Booster) ထိုးနှံရန် လမ်းညွှန်

အခြေခံ ကာကွယ်ဆေး(၁/၃) ထိုးနှံပြီးနောက် အချိန်ကျော်လွန်သွားသော ဆယ်ကျော်သက် (၁၂နှစ်မှ ၁၇နှစ်) အရွယ် ကူးစက်ခံရသူများ များပြားလာလျှက်ရှိပြီး ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူနှင့် သေဆုံးသူများလည်း တွေ့ရှိနေရပါသည်။ သို့ပါ၍ ဆယ်ကျော်သက်များ ကိုရိုနာ ၁၉ကြောင့် ရောဂါပြင်းထန်စွာ ခံစားနေရမှုနှင့် သေဆုံးမှုများကို ကာကွယ်ပေးနိုင်ရန် ပြည်တွင်းတွင် နေထိုင်လျှက်ရှိသော အသက် ၁၂နှစ်မှ ၁၇နှစ်အရွယ် နိုင်ငံခြားသားများအတွက် ကိုရိုနာ ၁၉ ကာကွယ်ဆေး ၃ကြိမ်မြောက် ထိုးနှံခြင်းကို အောက်ပါအတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

■ ကာကွယ်ဆေးထိုးနှံနိုင်သော သတ်မှတ်ချက်

○ ၁၂နှစ်မှ ၁၇နှစ် အရွယ် **ပြည်တွင်း (သို့) ပြည်ပတွင် အခြေခံ ကာကွယ်ဆေး ထိုးနှံပြီး ၃လကျော်သွားပြီဖြစ်သော လူငယ်များ – ပြင်းထန်ဝေဒနာ ခံစားရနိုင်ချေများသော ဆယ်ကျော်သက်များကို ကာကွယ်ဆေး ထိုးနှံရန် အသေအချာ တိုက်တွန်း**အပ်ပါသည်။

※ ကိုရိုနာ ၁၉ ကူးစက်ခံထားဖူးပြီးသော ဆယ်ကျော်သက် (၁၂နှစ်မှ ၁၇နှစ်) အရွယ် လူငယ်များသည် လူကြီးများနည်းတူ ၃ကြိမ်မြောက် ကာကွယ်ဆေးကို ထိုးနှံရန် မသင့်တော်ပါ။

■ ကာကွယ်ဆေး အမျိုးအစားနှင့် ထိုးနှံရန် ကာလအပိုင်းအခြား

○ ဆယ်ကျော်သက်များအတွက် တတိယ အကြိမ်မြောက် ထိုးနှံပေးသော ကာကွယ်ဆေးမှာ ဖိုက်ဇာဖြစ်သည်။

○ အသက် ၁၂မှ ၁၇နှစ် အရွယ် အခြေခံ ကာကွယ်ဆေးကို ထိုးနှံပြီးနောက် ၃လ (ရက် ၉၀) ကျော်သွားလျှင် တတိယ အကြိမ် ကာကွယ်ဆေးကို ထိုးနှံနိုင်သည်။ သို့သော်လည်း ကိုယ်ခံအားနည်းသူများ*မှာ ၂လ အကြာတွင် ထိုးနှံနိုင်သည်။

* ကိုယ်ခံအားနည်းသူများသည် ဆေးရုံနှင့် သက်ဆိုင်ရာ ဌာနမှ ဆေးစစ်စာရွက် (သို့) တာဝန်ခံ ဆရာဝန်၏ သဘောထားထုတ်ပြန်ချက်ကို ရယူပြီး ကျန်းမာရေးစင်တာတွင် တင်ပြပေးလျှင် ထိုးနှံနိုင်သော ကာလအပိုင်းအခြားကို ညှိပေးပါသည်။

■ ဆေးထိုးရန် နေ့ရက်နှင့် နေရာ

○ **ကြိုတင် ဘိုကင်ယူခြင်းနှင့် နေ့ချင်းပြီး ထိုးနှံခြင်း**ကို **မတ်လ ၁၄ရက်** (တနင်္လာနေ့)မှ စ၍ ပြုလုပ်နိုင်ပြီး **ဘိုကင်ယူ၍ ထိုးနှံခြင်း**ကို **မတ်လ ၂၁ရက်** (တနင်္လာနေ့)မှ စပြီး ထိုးနှံနိုင်သည်။

○ **ထိုးနှံနိုင်သည့် နေရာ**မှာ ကျန်းမာရေး အာမခံ သွင်းထားခြင်းနှင့် မသက်ဆိုင်ဘဲ၊ ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံနိုင်သော **ဌာနဆိုင်ရာများ** (ဆေးရုံ၊ **ကျန်းမာရေးစင်တာများ**)နှင့် **ကာကွယ်ဆေးထိုးရန် သတ်မှတ်ထားသော စင်တာများ**တွင် ထိုးနှံနိုင်သည်။

■ ဘိုကင်ရယူနည်း

1. **ပြည်တွင်းတွင် အခြေခံ ကာကွယ်ဆေး ထိုးပြီးထားသော အသက် ၁၂နှစ်မှ ၁၇နှစ်အရွယ် နိုင်ငံခြားသား**

**1) မှတ်ပုံတင်ထားသော နိုင်ငံခြားသား** – အခြေခံ ထိုးနှံစဉ်ကကဲ့သို့ အွန်လိုင်း (သို့) ဖုန်းဖြင့် ဆက်သွယ်ပြီး ဘိုကင်ရယူနိုင်သည်။

① Online ဘိုကင် – ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံရန် ဘိုကင်စနစ်အတွက် (https://ncvr.kdca.go.kr) သို့ ဝင်ရောက်ပြီး ကိုယ်တိုင် (သို့) ကိုယ်စား ဘိုကင်လုပ်ဆောင်နိုင်သည်။

② ဖုန်း ဘိုကင် – ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ကောစင်တာ (☏1339) နှင့် ဒေသတွင်းရှိ ဌာနဆိုင်ရာကောစင်တာများတွင် ဘိုကင်ရယူနိုင်သည်။

③ နေ့တွင်းချင်း ဆေးထိုးနှံခြင်း – သက်ဆိုင်ရာ ဌာနဆိုင်ရာ (ဆေးရုံ၊ ကျန်းမာရေး ဌာန)တွင် ပဏာမစာရင်း(ဖုန်းဖြင့်) ပေးသွင်းပြီးနောက် ထိုနေ့တွင် ထိုးနှံနိုင်သည်။

* SNS မှ တဆင့် လက်ကျန် ကာကွယ်ဆေး ဘိုကင်ရယူခြင်းကို အသက် ၁၄နှစ် အထက်ရှိသူများသာလျှင် လုပ်ဆောင်နိုင်သည်။

2) **မှတ်ပုံမတင်ထားသည့် နိုင်ငံခြားသား(တရားမဝင်နေထိုင်လျှက်ရှိသော နိုင်ငံခြားသား အပါအဝင်) –** အခြေခံ ထိုးနှံစဉ်က သွားခဲ့သော ကျန်းမာရေးစင်တာမှ ရယူခဲ့သော ယာယီတိုကင်နံပါတ်ကို အသုံးပြုပြီး ဖုန်းဖြင့် ဘိုကင်ယူခြင်း (သို့) ကာကွယ်ဆေး ထိုးနှံရာ ဆေးဌာန (ဆေးရုံ (သို့) ကျန်းမာရေးစင်တာ)သို့

သွားရောက်ကာ ဘိုကင်ရယူနိုင်သည်။

2. **ပြည်ပမှ အခြေခံ ထိုးနှံပြီးထားသော နိုင်ငံခြားသား (ရက် ၉၀ အောက် ခေတနေထိုင်လျှက်ရှိသော နိုင်ငံခြားသား အပါအဝင်)**

○ အိုင်ဒီကတ်ကို ယူဆောင်လာပြီး နီးစပ်ရာ ကျန်းမာရေး စင်တာသို့ သွားရောက်ပြီး ယာယီတိုကင်နံပါတ်ကို ရယူပြီး ပြည်ပတွင် ထိုးနှံဖူးကြောင်း စာရင်းပေးသွင်းပြီးနောက် ဖုန်းနှင့် (သို့) ကျန်းမာရေး ဌာန (ဆေးရုံ၊ ကျန်းမာရေး စင်တာ) တို့ကို ကိုယ်တိုင် သွားရောက် ဘိုကင်ရယူနိုင်သည်။

* ယာယီတိုကင်နံပါတ် ရယူရာတွင် ပတ်စပို့၊ နိုင်ငံခြားသားမှတ်ပုံတင်ကတ် စသည့် အိုင်ဒီကတ်ကို ပြရန် တောင်းဆိုမည် မဟုတ်ပါ။

ဆယ်ကျော်သက်အရွယ် လူငယ်များ ဘေးကင်းစွာ ကာကွယ်ဆေးထိုးနှံနိုင်ရန်နှင့် ထူးခြားလက္ခဏာ ဖြစ်မဖြစ် စောင့်ကြည့်နိုင်ရန် အုပ်ထိန်းသူ သို့ တရားဝင်ကိုယ်စားလှယ်နှင့် အတူ လာရာက်ရန် လိုအပ်ပါသည်။ (အုပ်ထိန်းသူ အနေဖြင့် ကလေးနှင့်အတူ လာရောက်ပြီး မိမိ မှန်ကန်ကြောင်း အတည်ပြုပြီးပါက သတ်မှတ်ဌာနရှိ ဆေးမှတ်တမ်းတွင် ရေးဖြည့်ရန်လိုအပ်)

* အုပ်ထိန်းသူ အတူတကွ မလာရောက်နိုင်ပါက ဆေးထိုးနှံမှု သဘောတူညီကြောင်း စာရွက်စာတမ်းနှင့် ဆေးမှတ်တမ်းကို ကြိုတင် ပြင်ဆင်ရန် လိုအပ်ပြီး ထိုးနှံရန် လာရောက်သူမှ ကျန်းမာရေး ဌာနသို့ တင်ပြပေးရန်

※ သတိပြုရန်

- **မိမိ၏ ကိုယ်ရေးအချက်အလက်များမှာ ကာကွယ်ဆေး ထိုးရန် ရည်ရွယ်ချက်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ပြီး၊ တိုင်ကြားခြင်းကင်းလွတ်ခွင့်စနစ်အရ လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရေးရာ ဌာနသို့ တရားမဝင် နေထိုင်နေကြောင်းကို သတင်းပေးမည်မဟုတ်ပါ။**
- အခြား အသေးစိတ် အချက်အလက်များကို Korea Disease Control and Prevention Agency (PDCA) ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးခြင်းဆိုင်ရာ webpage (https://ncv.kdca.go.kr) တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။